# ခွေးရူးပြန်ရောဂါ

## ခွေးရူးပြန်ရောဂါဆိုတာဘာလဲ

ခွေးရူးပြန်ရောဂါဆိုတာ ဗဟိုအာရုံကြောစနစ်မှာကူးစက်တဲ့ ဗိုင်းရပ်စ်တစ်မျိုးပါ။ ယနေ့အထိ ကုသတဲ့ဆေးမရှိသေးပါဘူး။ ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်ပါတယ်။





### တိရစ္ဆာန်ကနေ လူဆီကို ကူးစက်ပုံကတော့

ပိုးရှိတဲ့ တိရစ္ဆာန်ရဲ့ ကိုက်ခံရတာ၊ ကုတ်ခံရတာနဲ့ အရေပြား ပေါက်ပြဲနေတဲ့နေရာကို လျှာနဲ့လျက်ရင်း သွားရည်တွေကနေ တဆင့် ကူးစက်ခံရနိုင်ပါတယ်။

### သန့်ရှင်းရေးလုပ်ပါ



ဒဏ်ရာကို သန့်စင်သောရေနှင့် ဆပ်ပြာ အပျော့စားဖြင့် ၁၀ မိနစ်ခန့် ဆေးကြောပါ

### ဆေးထည့်ပါ



ဒဏ်ရာကို အခြောက်ခံပြီး Betadine ကဲ့သို့သော ပိုးသတ်ဆေး လိမ်းပေးပါ

### လှောင်ထားပါ



ရောဂါလက္ခဏာများ စောင့်ကြည့်ရန်ခွေးကို ၁၀ ရက်ခန့် သီးသန့်လှောင်ထားပါ

### ဆရာဝန်နှင့် ပြသပါ



ကုသမှုနှင့် ကာကွယ်ဆေးထိုးရန် အတွက် ဆရာဝန်နှင့် ပြသပါ

## ခွေးရူးပြန်ရောဂါရပ်တန့်ဖို့ ဒီ "မ" ၅ ချက်ကိုလိုက်နာစို့



### မစပါနှင့်

တိရစ္ဆာန်တွေကို စိတ်ဆိုးအောင် မစပါနှင့်

### မနင်းပါနှင့်

အမြီး၊ ဦးခေါင်း၊ ခြေထောက်များပေါ် မနင်းပါနဲ့ သို့မဟုတ် လန့်သွားအောင်မလုပ်ပါနှင့်

### မခွဲပါနှင့်

အချင်းချင်းရန်ဖြစ်နေသောခွေးများကို လက်ဗလာဖြင့် အုပ်စုမခွဲပါနှင့်

### မကောက်ယူပါနှင့်

တိရစ္ဆာန်စားနေစဉ် သို့မဟုတ် ကစားနေစဉ် အစားအစာပန်းကန်များ၊ အရုပ်များကို မကောက်ယူပါနှင့်

### မရှုပ်ပါနှင့်

ကလေးမွေးထားသောခွေးမ၊ ခွေးပေါက်စကလေးများနှင့် မရှုပ်ပါနှင့်

## ရောဂါပိုးရှိသော တိရစ္ဆာန်များရဲ့ ရောဂါလက္ခဏာများက ဘာတွေလဲ။



### ရှေးဦးအဆင့်

ရောဂါလက္ခဏာများဟာ ၂-၃ ရက်ခန့် ကြာတတ်ပြီး အပြုအမူပြောင်းလဲလာခြင်း၊ တိတ်ဆိတ်တဲ့နေရာမှာ ပုန်းနေခြင်း၊ ဒေါသထွက်ခြင်း၊ မျက်ဝန်းအိမ်ကျယ်လာခြင်း၊ အစားနည်းလာခြင်းများ တွေ့ရနိုင်ပါတယ်။

### စိတ်လှုပ်ရှားခြင်းအဆင့်



အာရုံကြောဆိုင်ရာလက္ခဏာများ စတင်ခြင်း၊ တုန်လှုပ်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ရန်လိုခြင်း၊ သိမ်းကျုံးကိုက်ခြင်း၊ ကျောက်တုံးများ၊ တုတ်များကဲ့သို့သော မစားနိုင်သော အရာများကို စားခြင်း၊ တချို့သောတိရစ္ဆာန်များ ဖော်ပြခဲ့တဲ့ လက္ခဏာများမပြဘဲ လေဖြတ်သွားခြင်းများ ဖြစ်နိုင်ပါတယ်။

### လေဖြတ်ခြင်းအဆင့်



ခြေထောက်အားနည်းခြင်း၊ ပါးစပ်တွင်တံတွေး အမြှုပ်ထွက်ခြင်း၊ မတ်တပ်မရပ်နိုင်ခြင်း၊ လဲကျပြီးပြန်မထနိုင်ခြင်း၊တစ်ကိုယ်လုံး မြန်ဆန်စွာနဲ့ လေဖြတ်ပြီးနောက်ဆုံးမှာ သေဆုံးနိုင်ပါတယ်။

## လူတွင်ဖြစ်သော ခွေးရူးပြန်ရောဂါ လက္ခဏာများ



### ရှေးဦးအဆင့်



ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ ချမ်းတုန်ခြင်း၊ ပျို့ခြင်း၊ အော့အန်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း။

### အာရုံကြောဆိုင်ရာ လက္ခဏာပြသောအဆင့်



စိတ်ရှုတ်ထွေးခြင်း၊ ဂနာမငြိမ်ခြင်း၊ မျိုချရခက်ခဲခြင်း၊ ရေကြောက်ခြင်း၊ ရန်လိုခြင်း။ လူနာများသည် တက်ခြင်းနှင့် လေဖြတ်ခြင်း ဖြစ်နိုင်သည်။

### နောက်ဆုံးအဆင့်



အသက်ရှုလမ်းကြောင်းချို့ယွင်းခြင်း၊ နှလုံးရပ်ခြင်း၊ သတိမေ့မြောခြင်း၊ သေဆုံးခြင်း။